# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး
# ၁၈ ရက်မြောက်နေ့ အစီအစဉ်
# (လျာထားချက်)
# [ ၅- ၈ - ၂၀၁၃ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးနှင့်ကလေးဒေသတို့တွင် ဆူဒိုအက်ဖီဒရင်း ဆေးပြားများ ဖမ်းဆီး ရရှိမှုအပေါ် ဟန့်တားလောက်သော အရေးယူမှုများ ချမှတ်ဆောင်ရွက်ရန် နှင့် ဒိုင်အဖြစ် ဒိုင်ခံဝယ်ယူများအား ဖမ်းဆီးနိုင်မှုမရှိသဖြင့် ရောင်းဝယ်မှု ကြီးထွားလာမှုအပေါ် ကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များနှင့်ပတ်သက်၍ ကွင်းဆက်ဖော်ထုတ် အရေးယူဆောင်ရွက်မည့် အစီအစဉ်၊ လက်နက်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြနေမှု အပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ တရားမဝင်ရရှိလာသောငွေကြေးများကို ထိန်းချုပ်ရေးနှင့် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများအပေါ် အရေးယူ ဆောင်ရွက်မည့် အစီအစဉ် စသည်တို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါမြို့နယ် အတွင်းရှိ ကုက္ကားကျေးရွာ၊ တော်ဝင်ကျေးရွာ၊ သင်တောကျေးရွာ၊ စန်းမြို့ ကျေးရွာနှင့် ကုန်းရွာကျေးရွာတို့အား အုပ်စုကျေးရွာများအဖြစ် မည်သည့် အချိန်တွင် သတ်မှတ်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မိတ္ထီလာ မြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော အမှတ်(၃) မီးသတ်စခန်းအား မီးသတ်စခန်း အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးသတ်ယာဉ်၊ မီးသတ်ရဲဘော် ဝန်ထမ်းများ ပြန်လည်ထားရှိပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ် (တောင်ပိုင်း)၊ မင်းတပ်မြို့၏ ရေဖြန့်ဝေမှုတွင် လိုအပ်နေသည့် (၂)လက်မ ပိုက်များ ဆက်လက်ပံ့ပိုးပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **သာစည် မြို့နယ်၊ လယ်ပြင်ကျေးရွာအုပ်စု၊ ပင်မုန်းကျေးရွာ၏ သောက်သုံးရေ ရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကို ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်း ဒေသကြီး၊ ရေနံချောင်းမြို့နယ် (ကုက္ကိုကွကျေးရွာအုပ်စု) မုန်ကန်ကျေးရွာမှ (အရှေ့ကုန်းကျေးရွာအုပ်စု) ညောင်ကုန်းကျေးရွာသို့ ဆက်သွယ်သွားလာ နိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရော်ဘာခြံစိုက်ပျိုးသောတောင်သူများ ရော်ဘာဝယ်/ရောင်း လုပ်နေ ကြသော ရော်ဘာဒိုင်များအနေဖြင့် သက်ဆိုင်ရာမြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ မှတ်ပုံတင်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **စိုက်စရိတ် အကြေပေးဆပ်ပြီးသူ အများစုကို စိုက်စရိတ်ချေးပေးပြီး အကြေမပေးဆပ်နိုင်သည့် လူနည်းစုကို အခြားနည်းဖြင့် ကြွေးကျန်တောင်းခံရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စိုက်ပျိုးစရိတ် ချေးငွေတစ်ခုတည်းအတွက် ဘဏ္ဍာနှစ်ပိတ်မတိုင်မီ ပေးဆပ်စေခြင်းထက် အထူးအစီအစဉ်အနေဖြင့် နောက်ဘဏ္ဍာနှစ် ပထမ (၄)လပတ်အတွင်း ပေးဆပ်ရန် သက်တမ်းတိုး စီစဉ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၈ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။